mgyoe.com

# မင်းလူ

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ မင်းလူ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
တမျက်နှာ ၈၁ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

မင်းဏီ

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ရွှေသေနတ်တစ်လက် ၁

၂။ သေနတ်သံ ၂၁

၃။ မမခင် ၄၀

၄။ မန္တလေးမှာ ၅၀

၅။ နံ ၆၂


❑

mgyoe.com

mgyoe.com

mgyoe.com



# ရွှေသေနတ်တစ်လက်

အန်ကယ် တင့်ကိုကို၏ ခြံကြီးမှာ ကျယ်ဝန်းလှ၏။ ယခင်က ဆိုလျှင် ခြံကြီးတစ်ခုလုံးတွင် ရာသီအလိုက် သူ့နေရာနှင့်သူ ပန်းတွေက ဝေနေပေမည်။ အရောင်မျိုးကလည်း စုံနေပေမည်။ တိုက်ပုကလေး ကလည်း ပန်းမျိုးတွေစုံနေသည့် အလယ်မှာ ထည်ဝါနေပေမည်။ ပန်းခင်းကလေး၏ရှေ့ အိမ်၏မျက်နှာစာတွင် တင်းနစ်ကစားကွင်းနှင့် ဆိုပြန်တော့ အန်ကယ် တင့်ကိုကိုသည် တစ်ချိန်က မည်မျှ ခမ်းခမ်း နားနား နေထိုင်ခဲ့မည်ဆိုသည်ကို သူ့ခြံတွင်း ဝင်လိုက်မိသည်နှင့်ပင် အကဲခတ်၍ ရနိုင်ကောင်းပါသည်။

ယခုတော့ တင်းနစ်ကစားကွင်းကလည်း သမံတလင်းများ ပျက်စီးယိုယွင်းနေကြလေပြီ။ အချို့ ပတ်ကြားအက်များမှ မြက်ဖုတ် ကလေးများ ပေါက်နေပြီ။ ခြံစည်းရိုး ပတ်ပတ်လည်တွင် တိုက်ပန်းချုံ နွယ်များက အထွေးလိုက် အရုံလိုက် လှိုင်းထနေကြသည်။

အုန်းပင်၊ မာလကာပင်နှင့် သရက်၊ ပိန္နဲပင်တို့ကလည်း၊ တိရိ

mgyoe.com

mgyoe.com

ပြုပြင်မပေးကြတော့သဖြင့်၊ ကြီးချင်းတိုင်းကြီးပြီး၊ မင်းမူချင်တိုင်း မင်းမူနေကြလေသည်။ တစ်ခုတော့ ကောင်းသည်။ မွဲသရောင်းနေသော တိုက်ပုကလေး၏ မထည်မဝါ ရှိနေမှုကိုလည်း၊ ကာကွယ်ပေးနေကြသလို၊ ခြံတွင်း ပတ်ပတ်လည်ကိုလည်း အစဉ်အေးမြနေအောင် အရိပ်မိုးပေးထားကြသလို ဖြစ်နေတော့သည်။

ကျွန်တော်သည် အန်ကယ်တင့်ကိုကို၏ ခြံကြီးကို ကြိမ်ကုလားထိုင်ပေါ်မှ ဆားဘီလှည့်ကြည့်ရင်း၊ တစ်ချိန်တုန်းက သစ်လွင်တောက်ပြောင်ပြီး၊ ပန်းမျိုးရောင်စုံ ခြယ်မှုန်းလျက် မာလီများက ရှင်းလင်းထိန်းသိမ်းပေးခဲ့ကြရမည့်အကြောင်းတို့ကို စဉ်းစားရင်း၊ စိတ်တွင်းမှာ မသက်မသာဖြစ်ကာ၊ သက်ပြင်းချ၍ အန်ကယ်တင့်ကိုကိုဘက် လှည့်ကြည့်မိ၏။

အန်ကယ်တင့်ကိုကိုကတော့ သူ့ဝင်းသူ့ခြံ၏ ယိုယွင်းပြောင်းလဲလာသည်တို့ကို လုံးဝ ဂရုထားမိဟန် မရှိပါ။ အရွယ်ကလည်း ခြောက်ဆယ်ကျော်လာပြီ ဖြစ်၍ တင်းနစ်ကစားခြင်း၊ ဂေါက်သီးရိုက်ခြင်းတို့ကို စွန့်လွှတ်ပြီး၊ လမ်းလျှောက်ခြင်း၊ စာဖတ်ခြင်းနှင့် ညနေတိုင်း ပုံမှန် ဝီစကီခွက်ကလေး ကိုင်စွဲခြင်းလောက်ကိုသာ လုပ်တော့သည်။

တစ်ခါတစ်ရံ ကျွန်တော် သူ့ဆီ အလည်အပတ် ရောက်တတ်သည်။ ရောက်သည့်အခါ အချိန်စောလျှင် ရေနွေးကြမ်းနှင့် မြည်းစရာတို့ဖြင့် ဧည့်ခံရင်း စကားပြော၏။ ညနေစောင်း ရောက်သွားခဲ့လျှင်တော့ မော့ဝီစကီကလေးနှင့် ဧည့်ခံတတ်၏။

ယခုလည်း တင်းနစ်ကစားကွင်းဘေးမှ သကြားပင်ရိပ်တွင် ကြိမ်ကုလားထိုင် တစ်ယောက်တစ်လုံးစီဖြင့်၊ ခလယ်တွင် ကြိမ်မော်ယာခုံကြီးချကာ၊ ၎င်းအပေါ်တွင် ဝီစကီပုလင်းထောင်ရင်း၊ နှစ်ယောက်သားစကားပြောနေကြပါသည်။

အန်ကယ်တင့်ကိုကို၏ဇနီးမှာ ရန်ကုန်ကောလိပ်တွင် အင်္ဂလိပ်

mgyoe.com

စာ ကထိကအဖြစ် အမှုထမ်းနေသော ဒေါ်တင်မေကြီး ဖြစ်သည်။ သူတို့တွင် သမီးတစ်ယောက်သာ ရှိသည်။ သမီးဖြစ်သူ 'တင်မေမေကို' က လသာမြို့နယ်အတွင်းက အထက်တန်း ကျောင်းတစ်ကျောင်း၌ အထက်တန်းပြဆရာမဖြစ်နေပြီ။ ယခုထက်ထိ အိမ်ထောင်မပြုသေး။

သူတို့ သားအဖသုံးယောက် နေထိုင်ကြပုံမှာ ရိုးသားပြီး အေးချမ်းလှ၏။

အန်ကယ် တင့်ကိုကိုကလည်း ဘိလပ်ပြန် ဝတ်လုံတော်ရကြီး ဖြစ်သည်။ အမှုလိုက်စရာရှိမှ ရန်ကုန်ကိုသွားသည်။ ရုံးကိစ္စမရှိလျှင် အင်းစိန်ရွာမမှ သူ့ခြံထဲတွင် စာဖတ်လိုက် အိပ်လိုက်နှင့်သာ အချိန်ဖြုန်းတတ်သည်။

သူတို့အလုပ်ကိုယ်စီသို့ သွားရန်အတွက် လင်းရိုဗာကားတစ်စီး ရှိသည်။ ဒရိုင်ဘာ မထားဘဲ သားအဖသုံးယောက် တစ်လှည့်စီသာ မောင်းကြသည်။

ထူးဆန်းသော အန်ကယ် ဟင့်ကိုကိုထံမှ ယနေ့ထူးဆန်းသော သူ့ဇာတ်လမ်းကလေးကို ကျွန်တော် နားထောင်ခဲ့ရသည်။ သကြားပင် ရိပ်အောက်ဝယ် ဝီစကီနံ့တသင်းသင်းနှင့် သူပြောပြသော ဇာတ်လမ်းကလေးကို သူ့စကားအတိုင်း၊ ကျွန်တော် ပြန်လည်ဖောက်သည်ချပါမည်။ စိတ်ဝင်စားကြပါလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်

## (၁)

ကျွန်တော်ရဲ့ အဖေနာမည်ဟာ သိပ်မြန်မာဆန်တဲ့ နာမည်ဗျ။ ဒါပေမဲ့ လူနဲ့နာမည်နဲ့ မလိုက်အောင် ဘိုသိပ်ဆန်တယ်။ သူဘိုဆန်တာက၊ စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာတွင်မကဘူးဗျ။ စကားပြောတောတောင်မှ ဘိုတစ်ယောက်က မြန်မာစကား ပြောသလို

mgyoe.com

mgyoe.com

ဘိုဆန်ဆန် ပြောတာဗျ။

အခုခေတ် လူတွေအနေနဲ့တော့ သူ့ပြောဟန်ဆိုဟန်နဲ့ နေပုံထိုင်ပုံတွေကို တွေ့လျှင် ရယ်ချင်စရာလို၊ မေးငေါ့ချင်စရာလို ဖြစ်မှာအမှန်ပဲဗျ။

ဒီခေတ်နှင့်တော့ ဘယ်လိုမှ အံဝင်မှာလည်း မဟုတ်ဘူး။ ပြီးတော့ ဗျူရိုကရက်ကြီးလို့လည်း ပြောကြမှာဗျ။ သူ့ဘဝလမ်းကြောင်းကလည်း အဆန်းသားကလား။ ဘယ်ကဘယ်လို စပြောရမှန်းတောင် မသိဘူးဗျာ။ သူ့နာမည်က မောင်ဖိုးတင့်တဲ့။ မန္တလေး စိန့်ပီတာကျောင်းက ၁၉၀၈ ခုနှစ်လောက်က ကာလကတ္တား မက်ထရစ်အောင်ခဲ့တယ်။ အောင်ပြီးတော့ အရေးပိုင်ရုံးမှာ စာရေးဝင်လုပ်ခဲ့သေးတယ်။

ပထမကမ္ဘာစစ်ဖြစ်တော့ စစ်ထဲ လိုက်သွားတယ်တဲ့ဗျာ။ အဲဒီမှာ မက်ဆိုပိုတေးမီးယားတို့၊ အီတလီတို့ကနေ ပြင်သစ်ထိ ရောက်ခဲ့တယ်တဲ့။ စစ်ကြီးပြီးတော့ အင်္ဂလန်မှာ ခြောက်လလောက် စစ်နားပြီးတော့၊ အိန္ဒိယပြန်ခဲ့ရတယ်။

တချို့ သူနဲ့အတူတူ စစ်ထဲလိုက်သွားတဲ့ လူတွေကတော့ အိန္ဒိယကနေ မြန်မာပြည် ပြန်လာကြတာပဲ။ စစ်က ပြန်လာတဲ့ လူတွေဆိုရင်၊ အရည်အချင်း ရှိရင် ရှိသလို အင်္ဂလိပ်အစိုးရက ရာထူးကလေးတွေပေးပြီး၊ အစိုးရဘက်မှာ ခန့်ထားလေ့ရှိတယ်ဗျ။

တချို့လည်း လက်ထောက်မြို့ပိုင်တို့၊ ပုလိပ်ဘက်မှာ ဆိုရင်လည်း ရာဇဝတ်အုပ်တို့၊ သစ်တောဘက်ဆိုရင်လည်း တောအုပ်ကလေး ရာထူးတို့ ရပြီး၊ အေးအေးဆေးဆေးလုပ်နေကြတာပဲ။

ကျုပ်တို့အဖေကတော့ အိန္ဒိယမှာ နေပြီး အိန္ဒိယတပ်မတော်မှာ ဆက်အမှုထမ်းခဲ့တာဗျ။ ဒါကြောင့် သူ့နာမည်မှာ ကက်ပတိန်ဖိုးတင့်၊ အိုင်အေ ဆိုပြီးတော့ နောက်က တပ်လေ့ရှိတယ်။ အိုင်အေက

mgyoe.com

mgyoe.com


ဥပစာတန်းကို ဆိုလိုတာ မဟုတ်ဘူးဗျ။ 'အင်ဒီယန်း အားမီး' လို့ ဆိုလိုတာ။ သူကလည်း မျက်နှာဖြူတွေနဲ့အတူတူ တစ်တန်းတည်း ကပ္ပတိန် အဆင့်အထိ လုပ်ရတာကို သိပ်ဂုဏ်ယူတယ်နဲ့ တူပါတယ်။ မြန်မာထဲကလည်း ဒီရာထူးအထိ တက်နိုင်တာ ရှားတယ်။

နောက် မြန်မာပြည်နဲ့ အိန္ဒိယခွဲတော့မှ မြန်မာပြည်ကို ပြန်လာတယ်။ ပြန်လာတော့ အိန္ဒိယတပ်မတော်အရာရှိ မဟုတ်တော့ဘဲ၊ မြန်မာပြည် ပုလိပ်အဖွဲ့မှာ ရာဇဝတ်ဝန်ကြီး အဖြစ်နဲ့ ပြန်လာတာဗျ။ သူ့နာမည်မှာ စစ်ပြန်ဖြစ်လေတော့၊ ဘယ်အခါမဆို ကပ္ပတိန်ဖိုးတင့်၊ အိုင်အေ၊ အိုင်ပီအက်စ် ဆိုတာကို တပ်လေ့ရှိတယ်ဗျ။

အိုင်ပီအက်စ် ကတော့ အင်ပီးရီးရယ် ပုလိစ် ဆားဗစ်ဆိုတဲ့ အဓိပ္ပာယ်ဗျ။ အရေးပိုင် အိုင်စီအက်စ်တွေနဲ့တန်းတူတဲ့ အဆင့်ပေါ့လေ။

သူရန်ကုန်ရောက်ပြီးတော့မှ ကျွန်တော့် မေမေဖုရားနဲ့ အိမ်ထောင်ကျတာကလား။ အဲဒီ ဇာတ်လမ်းကလည်း ဆန်းတာပဲဗျ။ ခင်ဗျားကြားရင်တော့ ရယ်ချင်စရာလိုဖြစ်မှာ အမှန်ပဲ။ ဒါပေမဲ့ ခင်ဗျား ကြားဖူးတယ်ရှိအောင်တော့ ပြောပြရမှာပေါ့လေ. . .။

## (၂)

ကျုပ်တို့က မေမေဖုရားလို့ ခေါ်ရတာက တခြားမဟုတ်ဘူးဗျ။ ကျုပ်တို့အမေက အနွယ်တော်ထဲကဗျ။ ကျုပ်တို့အဖေက အနွယ်တော်ထဲက မဟုတ်ဘူး။ ဒီတော့ ကျုပ်တို့ အဖေ ဆယ်တန်းအောင်လို့ စာရေးလုပ်နေတော့၊ မေမေဖုရားကလည်း ကွန်ဗင့်ကျောင်းကနေပြီး ဆယ်တန်းအောင်ပြီး သူတို့အချင်းချင်းက အောင်သွယ်တော် အကူအညီနဲ့ တစ်ယောက်ကိုတစ်ယောက် မေတ္တာရှိနေကြတာ ဆိုပါတော့။

တစ်နေ့တော့ ဖေဖေပေးတဲ့စာကို လူကြီးတွေ မိသွားရောတဲ့။

mgyoe.com

mgyoe.com


အဲဒီမှာ ဖိုးတင့်နဲ့ မတူမတန်ဘူးဆိုပြီးတော့ မေမေဖုရား မန္တလေးဥပစာ ကောလိပ်မှာ တက်နေရာက တစ်ခါတည်းကျောင်းနုတ်လိုက်တော့တာ ပဲတဲ့။ ပြီးတော့ အိမ်ဝိုင်းကြီးထဲကိုတောင်မှ အစောင့်အရှောက်မပါဘဲ မဆင်းရတော့ဘူးလို့ ကြပ်မကွပ်ကဲထားလိုက်ကြရောတဲ့။

မေမေဖုရားရဲ့ဘက်က နာကြည်းစရာကောင်းတဲ့ စကားတွေကို လည်း ဖေဖေ့ဆီကို အောင်သွယ်ကတစ်ဆင့် ပြန်ဖောက်သည်ချတာကိုး။

အောင်သွယ်ကလည်း သူ့အကြောင်းတွေကို မေမေဖုရားတို့ ဘက်က လူကြီးတွေ သိသွားတော့၊ အိမ်ကို အဝင်အထွက် မလုပ်စေရ ဆိုပြီး တားမြစ်ထားလိုက်တော့၊ သူကလည်း မျက်တယ်ထင်ပါတယ်။ စိတ်နာစရာစကားတွေကို သာသာထိုးထိုး ပြောမှာပေါ့လေ။

ဒီမှာတွင် ဖေဖေဟာ ပထမကမ္ဘာစစ်ဖြစ်လို့ စစ်သားစုဆောင်း တယ်လည်းဆိုရော့ စစ်ထဲကို လိုက်သွားတာပါပဲ။

သူတို့အချင်းချင်း အဆက်အသွယ်ပြတ်နေကြပေမဲ့ ထူးခြား တာကတော့၊ မေမေဖုရားကို လူကြီးတွေက ဘယ်သူနဲ့ နားချ နားချ လက်မခံဘဲ ဘူးခံနေတာပဲတဲ့ဗျ။

ဖေဖေကလည်း ကြည့်လေ၊ အင်္ဂလန်မှာ နေခဲ့ရသေးတယ်။ အိန္ဒိယမှာ အကြာကြီး နေခဲ့ရသေးပေမဲ့ လူမျိုးခြား တစ်ယောက်ကိုမှ မယူခဲ့ဘဲ၊ ရာဇဝတ်ဝန်ကြီးဖြစ်လို့ ပြန်လာတဲ့အထိ လူပျိုကြီးလုပ်နေခဲ့ တယ်။ တော်တော့်စိတ်နဲ့ ဘယ်နေကြမလဲနော်။

ရန်ကုန်မှာ ရာဇဝတ်ဝန်ကလေး ခဏလုပ်ရပြီး မကြာခင်မှာ ရာဇဝတ်ဝန်ကြီးအဆင့် တိုးမြှင့်ခံရတယ်။ နောက်တစ်ခါ အထက် မြန်မာပြည် မန္တလေးမှာ ပုလိပ်တပ်ဖွဲ့ တိုးချဲ့ပြီးတော့၊ ဖွဲ့စည်းတဲ့အခါ မှာ အထက်မြန်မာပြည်ရဲ့ ဒု–ပုလိပ်မင်းကြီးရာထူး တိုးမြှင့်ခံရပြီး ပြောင်းခဲ့ရတယ်။ အဲဒီခေတ်က မြန်မာထဲက ဒီရာထူးမျိုးကို ဘယ်သူ

mgyoe.com

mgyoe.com


မှန်းလို့ရပါ့မလဲ။ ပြီးတော့ သူ့လက်အောက်မှာကို တိုက်ပိုင်၊ ရာဇဝတ်ဝန်ကလေး၊ ရာဇဝတ်ဝန်ကြီးဆိုတဲ့ မျက်နှာဖြူတို့က ရှိနေသေးတာပဲ။

ဖေဖေကတော့ ခပ်ဆန်းဆန်းပဲ။ အဲ အဲဒီ မျက်နှာဖြူ အရာရှိတွေအားလုံးကို အင်္ဂလိပ်လို့ မခေါ်ဘူး။ 'ဂေါ်ရာ' တွေလို့ပဲ ခပ်နှိပ်နှိပ်ခေါ်တယ်။ သူတို့နဲ့ ဆက်ဆံတဲ့အခါ သိပ်မျက်နှာတင်းတာပဲ။ သူတို့ ငေးနေအောင် အင်္ဂလိပ်စကားနဲ့ ပြောတယ်။ သူပြောသမျှလိုက်ပြီး လက်ရေးတိုနဲ့ မှတ်ဖို့လည်း 'စတင်နို' တစ်ယောက် သူ့အနားမှာ အမြဲပါရတယ်။

သူ့ပုံသဏ္ဌာန်ကို ခင်ဗျား ခပ်ရေးရေးမြင်ရအောင် ပြောပြဦးမယ်။

သူဆောင်းတဲ့ ကာကီဦးထုပ်ရဲ့ မောက်လုံးဟာ ခပ်မြင့်မြင့်ပဲ။ ပြီးတော့ ငွေရောင်ကြိုးက ဦးထုပ်နေကာအဝိုင်းရှေ့မှာ ပြောင်လက်နေတာပဲ။

သူဝတ်တာက ကာကီကြယ်နုစ်လက်တို၊ ဆင်မရောင်းစလွယ်ဟာ ဖိတ်ဖိတ်တောက်နေတာပဲ။ ဘောင်းဘီတိုကို ဘယ်တော့မှ မဝတ်ဘဲ၊ အရှည်ကိုသာ ဝတ်လေ့ရှိတယ်။ ညနေပိုင်းဆိုရင်တော့ မြင်းစီးဘောင်းဘီ တစ်ခါတစ်ရံဝတ်တယ်။

သူ့ ယူနီဖောင်းဟာ အမြဲခေါက်ရိုး မပျက်ဘူး။ ရင်ဘတ်မှာ စစ်မှုထမ်းခဲ့တဲ့ တိုက်ပွဲဝင်အမှတ်ရင်ထိုးတွေကို အမြဲတပ်ဆင်ထားတယ်။ ခြောက်လုံးပြူးဆောင်လေ့မရှိဘူး။ ကပ္ပတိန်တုန်းက ကိုင်ခဲ့ရတဲ့ ဆောင်ဓားကို ခါးမှာ အမြဲချိတ်လေ့ရှိတယ်။

အရပ်က ငါးပေ ဆယ့်တစ်လက်မရှိပြီး မျက်နှာသွယ်သွယ်၊ မေးရိုးကားကားနဲ့၊ ရင်ပြင်ကျယ်ပြီး၊ နှုတ်ခမ်းမွေးနဲ့ဆိုတော့ သူ့ခေတ်နဲ့ သူ အင်မတန်ကြည့်ကောင်းတာပဲ။

သူစီးတဲ့ကားက အကြီးကြီး။ ဂျာမန်ကလာတဲ့ ဒင်းမလားဆို

mgyoe.com

mgyoe.com


တဲ့ ကားနက်ကြီး။ အဲဒါအပြင် တစ်ခါတစ်ရံ အခမ်းအနားရှိတဲ့အခါ စီးဖို့ အာရပ်မြင်းကြီး နှစ်ကောင်ကိုလည်း အရိပ်တကြည့်ကြည့်နဲ့ မွေးထားတယ်။ တစ်ခါတလေ အဲဒီမြင်းကြီးတွေနဲ့ 'ပိုလို' ကစားတယ်။

သူ အထက်မြန်မာပြည် ရဲမင်းကြီးဘဝရောက်တော့မှပဲ မေမေဖုရားကို လူကြီးစုံရာနဲ့ တောင်းတော့တယ်။ ဒီတော့လည်း မေမေဖုရားတို့ဘက်က မငြင်းမဆန်တော့ဘူးပါဘူး။

ဖေဖေ့ ပုံသဏ္ဍာန်နဲ့ မယှိုးမထိမ်းပဲ၊ မေမေဖုရား ပုံသဏ္ဍာန်ကိုလည်း ပြောပြရဦးမယ်။

မေမေဖုရားအသားက ဖြူတယ်။ ဖေဖေ့ အသားက လတ်ရုံပဲရှိတယ်။ မေမေဖုရားဟာ အရပ်တော်တော်မြင့်တယ်။ ကိုယ်လုံးလည်း လှိုလှိုညွှက်ညွှက် မဟုတ်ဘူး။ ဖေဖေနဲ့ အင်မတန် လိုက်ဖက်တယ်။

သူဟာ အမြဲလိုလို ဆံထုံးမနိမ့်မမြင့် ထုံးလေ့ရှိတယ်။ ပွဲလမ်းသဘင်တက်ရင်တော့ ဆံမြိတ်ချတယ်။ ပိုးဖဲကတ္တီပါနဲ့ စိန်ရွှေကတော့ သူတို့ခေတ်ထုံးစံပေါ့လေ။ မင်းကတော်နဲ့လိုက်အောင် ဝတ်တယ်။

ဒါပေမဲ့ မေမေဖုရား ပြင်ဆင်နေထိုင်ပုံမှာ ထူးခြားတာရှိတယ်။ လေဒီရှူးကို စီးလေ့ရှိတယ်။ ဘယ်သွားသွား ပိုးပဝါဖြစ်ဖြစ်၊ ဆောင်းတွင်းနဲ့ ညဘက်ဆိုရင် သားမွေးတဘက်ကြီးဖြစ်ဖြစ် ခြုံလေ့ရှိတယ်။ စကားပြောရင် ဖေဖေနဲ့အပြိုင် အင်္ဂလိပ်လို ပြောနိုင်တယ်။ ဖေဖေက မေမေဖုရားထက် သာတာက အိမ်က အစေခံကုလားတွေ ဘင်္ဂါလီတွေကို ကုလားလို ပြောနိုင်ပြီး၊ မေမေဖုရားက မပြောနိုင်တာဘဲရှိတယ်။

သူတို့ဘယ်လို အင်္ဂလိပ်စကားပြောပြော မေမေဖုရားက ဖေ့ဖေကို မောင်ဖုရားလို့ ခေါ်လေ့ရှိပြီး၊ ဖေဖေက မေမေဖုရားကို မဖုရားလို့ပဲ ခေါ်လေ့ရှိတယ်။ သူတို့အချင်းချင်း ဒီလိုခေါ်နေကြတယ်ဆိုတော့၊ အိမ်မှာရှိတဲ့ ကုလားအစေခံတွေရော၊ မြန်မာအစေခံမတွေရော ဘာပြောစရာ

mgyoe.com

လိုတော့မလဲ။ ကျုပ်က ခေါ်ရင်တောင် အားလုံး ဘုရားလို့ပဲ ထူးကြတယ်။ ခုခေတ် ခင်ဗျားတို့ကြားရင် ရယ်စရာကြီးလို ဖြစ်နေမှာပဲနော်။

ကျုပ်တို့ကတော့ နှုတ်လည်းကျိုးနေပြီ။ ဒီလို ပတ်ဝန်းကျင်မှာ သူ့ဟာနဲ့သူ နေသားတကျ ကြီးပြင်းလာခဲ့တာဆိုတော့ ဘယ်မှာ ရယ်စရာလို့ ထင်မိတော့မလဲ။ မဟုတ်ဘူးလားဗျာ။

အဲ မေမေဖုရားရဲ့ နောက်တစ်ခု ထူးခြားတာကတော့ အလိပ်ငါးဆယ်ဝင်တဲ့ ဂိုးလ်ဖလိပ် စီးကရက်သံဘူးကို ကိုင်ပြီး သောက်လေ့ရှိတယ်။ ဆောင်းဝင်တဲ့အခါကျတော့ ရေခဲတောင်တံဆိပ် 'ဂလေးဆီးယားစီးကရက်' ကို ပြောင်းသောက်တယ်။ သူက ပရုတ်အေးပါတာကိုး။

## (၃)

ကျုပ် မန္တလေးကပဲ စိန့်ပီတာကျောင်းက ဆယ်တန်းအောင်တယ်။ ရန်ကုန်တက္ကသိုလ်ကို နေချင်ပါတယ်ဆိုပေမဲ့၊ မေမေဖုရားက ခွဲမနေချင်ဘူးဆိုလို့ မန္တလေးဥပစာတန်းမှာပဲ တက်ခဲ့ရတယ်။

မခွဲချင်ဘူးဆိုတာလည်း မေမေဖုရားကို အဆိုးမဆိုနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သားသမီးဆိုလို့ ကျုပ်တစ်ယောက်တည်း ဥတစ်လုံးလို ဖြစ်နေတာကိုး။

ဥပစာတန်း တက်ရတော့ ဖေဖေက ဆိုင်ကယ်ဝယ်ပေးတယ်။ ကျုပ်ကလည်း သိပ်ဝမ်းသာတာပဲ။ ဆိုင်ကယ်အသစ်လေးနဲ့ ကျောင်းတက်ရတာ ဘယ်ဝမ်းမသာဘဲ ရှိမလဲ။

ဒါပေမဲ့ ကျုပ်မှာ အပေါင်းအသင်းရယ်လို့ မည်မည်ရရမရှိဘူးဗျ။ လည်လည်းမလည်တတ်ဘူး။ ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်းပဲ သွားတတ်တယ်။

ကျောင်းဆင်းရင် အိမ်ပြန်၊ အိမ်ရောက်တော့မှ ဖေဖေနဲ့ မြင်း

mgyoe.com

mgyoe.com


စီးချင်စီး။ ဒါမှမဟုတ် ကလပ်သွားပြီး တင်းနစ်ရိုက်ရတယ်။

တစ်နေ့ ကျောင်းကပြန်အလာ အိမ်မရောက်ခင် ဆိုင်ကယ် မှောက်ပါလေရော။ ကျုပ် ဘယ်ဘက်လက်ကျိုးသွားတယ်။

မေမေဖုရားဟာ တစ်ခါတည်းဖေဖေ့ကို ဆိုင်ကယ်ဝယ်ပေး ရကောင်းမလားဟုဆိုပြီး ဆူတော့တာပဲ။

ဖေဖေကလည်း 'မဖုရား ကျုပ် မှားပါတယ်။ ကျုပ်မှားတယ်၊ တောင်းပန်ပါတယ်" ဆိုပြီး တစ်ခါတည်း အိမ်ကဒရိုင်ဘာ ဦးဘိုးချုံကိုခေါ် ပြီး မော်တော်ဆိုင်ကယ်ကို သူ့အေဂျင်စီဆီ ပြန်အသွင်းခိုင်းလိုက်တယ်။

ကျုပ်လက်ကျိုးတာ ပြန်ကောင်းတော့ ဘာနဲ့ကျောင်းတက်ရ မလဲလို့ မေးတော့။ ဖေဖေဟာ မော်တော်အေဂျင်စီဆီ ဦးဘိုးချုံနဲ့အတူ သွားပြီး ပြန်လာတော့၊ ဦးဘိုးချုံက ဒင်းမလားကားကြီး မောင်းလို့၊ ဖေဖေကတော့ တူးဆီတာ အင်မဂျီ ပြိုင်ကားခေါင်းရှည်ကလေး မောင်းပြီး ပြန်လာတယ်။

ပြိုင်ကားကလေးက အနီရောင်ကလေး လှလိုက်တာ မပြော ပါနဲ့တော့။ အဲဒီနေ့က မေမေဖုရားရယ်၊ ကျုပ်ရယ် တစ်နေကုန် ကား လျှောက်စီးကြတယ်။ နန်းတော်ထဲက စစ်ရေးပြကွင်းကြီးထဲက သွား ပြီးတော့ စပိဒ်ကုန် မောင်းကြည့်တယ်။ မေမေဖုရားဖြင့် ပျော်နေတာပဲ။

ကျုပ်တို့ အိမ်ပြန်ရောက်တော့ မေမေဖုရားက ကျုပ်ဘယ်လို အမောင်းကောင်းတာဆိုတဲ့အကြောင်း ပြောတော့၊ ဖေဖေက စိတ်ဆိုး ပြီးတော့. . .

"ဒီကားကို မိုင် ၃၅ – နှုန်းထက် ပိုမမောင်းပါဘူးလို့ လူလေး ဖေဖေ့ကို ကတိပေးပါ။ မပေးနိုင်ရင် ဒီကားကို အေဂျင်စီဆီ ပြန်ပေးရ လိမ့်မယ်။ အလွန် အင်မတန်အန္တရာယ်များပါတယ်။ လူကလေးမှာတွင် မကပါဘူး။ တခြားလူတွေကိုလည်း အန္တရာယ် ပေးပါလိမ့်မယ်. . ."

mgyoe.com

mgyoe.com


ဆိုတော့မှ မေမေဖုရားကလည်း သဘောပေါက်သွားတယ်။

ကျုပ်လည်း အဲဒီကတိပေးလိုက်တော့မှ ကားကို ကျုပ်အပိုင်ရတော့တယ်။

ကျုပ်တို့မှာ ထူးဆန်းတာက ပေးတဲ့ကတိကို ကွယ်ရာမှာ တောင်မှ ချိုးဖောက်လေ့မရှိကြပါဘူး။ ၃၅ မိုင်ထက် ဘယ်တော့မှ ကျုပ်လည်း ပိုမမောင်းတော့ပါဘူး။

အဲဒီကားရပြီးတော့မှ ကျုပ်ရဲ့ အချစ်စခန်းထလာတာလေးလည်း ပြောပြဦးမယ်။ ဘယ့်နှယ်လဲ။ ဒါကိုတော့ တင်မေကြီးမရှိတုန်းမို့ ခင်ဗျားကို ပြောနိုင်တာဗျ။ သူရှိရင် ကျုပ်လည်း မပြောရဲဘူး။ ပြောလိုက်ရင် သူ စိတ်ထိခိုက်သွားမှာ ကျုပ်သိပ်စိုးတာကိုး။

## (၄)

ကျုပ် အိုင်အေ အထက်တန်းဖြေပြီးတဲ့နှစ်၊ ၁၉၃၉ ခုနှစ်လောက်မှာ မန္တလေးကို အိန္ဒိယပြည်က 'ရွတ်ခမာဘီ' ဆိုတဲ့ ဆပ်ကပ်ကြီး ရောက်လာတယ်။

အိန္ဒိယကလာတဲ့ ဆပ်ကပ်ဆိုပေမဲ့ ပါချည်ပါချဲ့မဟုတ်ဘူးဗျ။ တော်တော်အထက်တန်းကျတယ်။ ကျားတို့၊ ခြင်္သေ့တို့၊ ဆင်တို့ဆိုတဲ့ တိရစ္ဆာန်တွေတွင်စုံတာ မဟုတ်ဘူး။ ကျွမ်းဘား စသဖြင့် လူတွေနဲ့ အပြအသလည်း အမျိုးစုံတယ်။ အဝတ်အစားတွေလည်း အထက်တန်းကျတယ်၊ တစ်နေ့ပြတာနဲ့ တစ်နေ့ပြတာ မထပ်အောင်ကို အခန်းအမျိုးမျိုး လုပ်နိုင်တယ်။

ဒီပွဲမျိုးဆိုရင် ဖေဖေ့မျက်နှာနဲ့ ကျုပ်တို့အတွက် အထူးသီးသန့်ဖဲစတွေကာပြီး ဆိုဖာနဲ့ ထိုင်ကြည့်ရတဲ့ 'ဘောက်စ်ဆီ' နေရာရတယ်။ ကျုပ်လည်း တစ်နေ့မပြတ်ဆိုသလို၊ ဖေဖေနဲ့ရော၊ မေမေဖုရားနဲ့ရော၊

mgyoe.com

mgyoe.com


သူတို့တစ်ယောက်မှ မပါဘူးဆိုရင် ဒရိုင်ဘာ ဦးဘိုးချုံနဲ့ သွားကြရတယ်။

ဒီပြပွဲမှာ ကျုပ် ထူးထူးခြားခြားစွဲတဲ့ ပြကွက်တစ်ကွက် ရှိတယ်။ ဒါကတော့ ကောင်မလေးကို ပျဉ်ပြားကြီး ကျောပေးခိုင်းထားပြီးတော့ ယောက်ျားတစ်ယောက်က ဓားမြှောင်တွေနဲ့ ပေါက်ပြတဲ့ အခန်းပဲဗျ။

အလွန်အသည်းယားစရာကောင်းတဲ့ ပြကွက်ပါပဲ။ ကောင်မလေးကလည်း ဖြူဖြူကလေး၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း လှသနဲ့၊ သူ ဝတ်ဆင်ထားတာကလည်း 'ဘဲလေး' ကချေသည်လိုပဲ၊ ပျော့ပျော့ပြောင်းပြောင်းကလေး၊ ကိုယ်ဟန်နွဲ့နွဲ့ကလေးနဲ့ ဓားပေါက်ခံတယ်။

မျက်စိဖွင့်ပြီး အမျိုးမျိုး ပေါက်ပြပြီးတော့မှ ဓားသမားက သူ့မျက်နှာမှာ အဝတ်စီး အိတ်နက်စွပ်ပြီး နောက်ဆုံးပြကွက်အနေနဲ့ ပေါက်ပြသေးတယ်။

ဒီအခါ လူကို မပေါက်ခင် ပျဉ်ပြားကြီးကို ဓားစိုက်စေချင်တဲ့ နေရာမှာ တူနဲ့ရိုက် အချက်ပေးရတယ်။ တူသံကြားရာဆီ လှမ်းပေါက်လိုက်တာပဲ။ ဓားချက် သုံးချက်လေးချက်စိုက်ပြီးပြီဆိုတော့မှ ဓားတန်းလန်းပေါ်မှာ ကောင်မလေးကို ကိုယ်ဟန်လှလှကလေး ပွေ့တင်ပေးထားတယ်။ ကောင်မလေးကလည်း ဖွေးနုနေတာပဲ။ ပျော့ပျော့အိအိကလေး၊ ကနွဲ့ကလျနဲ့၊ ဆံပင်ကလေးတွေက အခွေအခွေကျလို့။

ပြီးတော့မှ လက်နဲ့ ကိုယ်အကြား၊ ခြေအကြားစသဖြင့် တူသံပေးတဲ့နေရာကို ပစ်ပစ်ပေါက်တာပဲ။ ဒီအချိန်မှာ ဘင်ခရာတီးဝိုင်းကလည်း ငြိမ်နေတော့၊ ဓားတစ်ချက် ပေါက်ပြီးတိုင်း ပရိသတ်ရဲ့ သက်ပြင်းကြီး တစ်ပြိုင်နက် ချသံကြီးကို ကြားကြရတယ်။

မေမေဖုရားနဲ့အတူ ကြည့်တုန်းက မေမေဖုရားဆိုတာ ရင်ဘတ်ကို လက်နဲ့ဖိပြီး သားမွေးတဘက်ကြီးကို ဆုပ်ထားတော့တယ်။ ပါးစပ်က

mgyoe.com

mgyoe.com


လည်း စုတ်တသပ်သပ်နဲ့၊ စားလည်းပေါက်ပြီးလို့ ကောင်မလေးကို ပျဉ်ပြားကြီးပေါ်က ပွေ့ချပေးလို့ ပရိသတ်ကို အရိုအသေပေး နှုတ်ဆက်တော့ ဩဘာသံတွေ၊ လက်ခုပ်သံတွေ ဆူသွားတာပေါ့။ ဘင်ခရာတီးဝိုင်းကလည်း အခုမှ တီးကြမှုတ်ကြရတယ်။

မေမေဖုရားကတော့ ကောင်မလေးကို သနားလွန်းလို့ဆိုပြီး ရှိုက်ရှိုက်ငိုလိုက်တာ၊ ဖေဖေတောင် လန့်ဖျပ်သွားတာပဲ။

ကျုပ်ကလည်း မေမေဖုရားကိုကြည့်ပြီး ပါးစပ်က "မေမေဖုရား၊ ဒီကောင်မလေးကို တင့်ကိုကို ချစ်လိုက်တာ။ သွားပြီး မိတ်ဆက်ချင်တယ် မေမေဖုရား" လို့ ပါးစပ်က လွှတ်ခနဲ ပြောမိတယ်။

မေမေဖုရားက ခေါင်းညိတ်တယ်။ ဒါနဲ့ ကျုပ်လည်း ဆပ်ကပ်နောက်ခန်းထဲ ဝင်လိုက်သွားမယ်လို့ ဟန်ပြင်တော့ ဖေဖေက "လူကလေး နေဦး။ ဖေဖေ လိုက်ခဲ့တာ ပိုပြီးတော့ အဆင်ပြေနိုင်ပါတယ်" ဆိုပြီး လိုက်လာတယ်။

သားအဖနှစ်ယောက် သွားကြတော့မယ် လုပ်တော့ မေမေဖုရားက "လူကလေးတင့်ကိုကို လက်ဆောင်ယူသွားဦး" လို့ ဆိုပြီး မေမေဖုရားက သူခြုံထားတဲ့ သားမွေးစောင်ကြီး ပေးလိုက်တယ်။

ဖေဖေကလည်း "ကောင်းတယ် လူကလေး၊ လက်ဆောင်ပေးသင့်ပါတယ်" ဆိုတော့ ယူသွားကြတယ်။

ဆပ်ကပ်ကို ဦးစီးတဲ့လူက အမျိုးသမီးကြီးဗျ၊ 'ရွှတ်ခမာဘိ' ဆိုတာ သူ့နာမည်ပဲ။

ကိုယ်လုံးကိုယ်ထည်ကြီးက ဖေဖေ့လောက်ရှိတယ်။ နှစ်ဘက်ရင်ဖုံး ကွတ်အင်္ကျီအနက်နဲ့ လည်စည်းအနီကိုစည်းပြီး၊ ဘောင်းဘီအနက် အရှည်ဝတ်တယ်။ ဖိနပ်ကလည်း ဒူးဆစ်အထိရောက်တဲ့ တောလ်ဘွတ်ကြီးစီးလို့၊ လက်မှာ ကြာပွတ်ပျော့ကြီးကတစ်ဖက်၊

mgyoe.com

mgyoe.com

ခြောက်လုံးပြူးကြီးကတစ်ဖက် ကိုင်ထားတယ်။ ရင်ဘတ်မှာလည်း တံဆိပ်တွေဆိုတာ ဝင်းနေတာပဲ။ နားမှာလည်း စိန်နားကပ်ကြီးက တဖျပ်ဖျပ်နဲ့။

ဖေဖေနဲ့ ကုလားလို စကားပြောကြတယ်။ ဖေဖေ့ကို သိပ်လေးစားတဲ့ ပုံပါပဲ။

နောက်တော့ ကောင်မလေးကို ခေါ်ပေးတယ်။ ကောင်မလေး နာမည်က 'လိုင်လာ' တဲ့။

ကောင်မလေးက ဖါရစီမကလေး၊ အသားကဖွေးနေတာပဲ၊ မျက်လုံးအိမ်ကလေးက အညိုကလေး၊၊ အင်္ဂလိပ်စကား ကောင်းကောင်း ပြောတတ်တာကိုး။

မေမေဖုရားပေးတဲ့ လက်ဆောင်ကို ပေးပြီး၊ ကျုပ်က လက်ဆွဲနှုတ်ဆက်တော့ ညာဘက်ခြေထောက်ကလေး တစ်ဖက်နောက်ရွှေ့ပြီး ကိုယ်ကိုယို့ ခါးညွှတ်ပြီးတော့မှ လက်ဆွဲနှုတ်ဆက်ပါတယ်။

သားမွေးတဘက်ကြီးကို ရင်ခွင်မှာ ပိုက်ပြီး သူ့ဝမ်းသာပုံကို မြင်ရတော့ ဖေဖေရော ကျုပ်ရောပျော်လိုက်ရတာ။

ပြီးတော့မှ 'ရွှတ်ခမာဘီ' ကို လှမ်းပြီး ကုလားလိုပြောတော့ 'ရွှတ်ခမာဘီ' က ခေါင်းညိတ်ပြလိုက်တယ်။

ကျုပ်နဲ့ ဖေဖေ့အကြားမှာ လက်တွဲပြီးတော့ မေမေဖုရားဆီ လိုက်လာတယ်။ မေမေဖုရား ရှေ့ရောက်တော့ ခြေထောက်ကလေးတစ်ဖက် နောက်ပစ်ပြီး ကိုယ်ကိုယို့နှုတ်ဆက်ပါတယ်။

မေမေဖုရားက မျက်ရည်မဆည်နိုင်သေးဘူး။ လက်အဖျား ကလေးကို ကမ်းပေးတယ်။ လိုင်လာက မေမေဖုရား လက်ကလေးကို နမ်းပါတယ်။

မေမေဖုရား လိုင်လာကို တော်တော်ချစ်ပုံရပါတယ်။ လိုင်လာ

mgyoe.com

mgyoe.com

အနားအထိ ကိုယ်ကိုကိုင်းပြီး လည်တိုင်ကို ငုံ့ပေးတယ်။ ဒီတော့မှ လိုင်လာက အလိုက်သိစွာနဲ့ မေမေဖုရားရဲ့ ပါးတစ်ဖက်ကို နမ်းပြီး ပရိသတ် ဘက်ကိုလည်း သားမွေးတဘက်မြှောက်ပြပြီး လက်ပြရင်း ပြန်ဝင်သွားပါတယ်။

ပရိသတ်ကတော့ ကျုပ်တို့ကို ဘယ်လိုထင်မလဲ မသိဘူး။ ကျုပ်တို့တော့ ပျော်ပြီး ပွဲတောင်ဆက်မကြည့်တော့ပဲ အိမ်ပြန်လာခဲ့ကြတယ်။

ဒီလိုနဲ့ လိုင်လာ့ဆီကို ကျုပ်လည်း တစ်နေ့မပြတ် ကားကလေးနဲ့ ရောက်ရောက်နေမိတာပေါ့။ တစ်ခါတလေလည်း မေမေဖုရားခွင့်ပြုချက်နဲ့ အိမ်ခေါ်လာပြီး ဧည့်ခံကြတယ်။

လိုင်လာနဲ့ ကျုပ်လည်း ကားကလေးတစ်စင်းနဲ့ တတွဲတွဲ သွားနေကြတာပဲ။

တစ်နေ့တော့ 'တာဂ္ဂ' ဟိုတယ်မှာ လိုင်လာကို ခေါ်ကျွေးပါတယ်။

အဲသည်တုန်းကပဲ၊ အဲသည်တုန်းကပဲ၊ လိုင်လာတို့လည်း ဆပ်ကပ်သိမ်းပြီးကြပြီ။ ရန်ကုန်ကနေ ဖိလစ်ပိုင်ကို ကူးကြတော့မယ် ဟန်ပြင်နေတုန်းပေါ့ဗျာ။

* * *

လူချင်းခွဲကြရတော့မှာ ဆိုတော့ ကျုပ်တို့လည်း အလွမ်းရောဂါ တက်လာကြတယ် ဆိုပါတော့။

လိုင်လာ့မှာ ငယ်ငယ်လေးကတည်းက စေ့စပ်ကြောင်းလမ်း ထားတဲ့ လူရှိတယ်။ အဲဒီကောင်လေးက အင်္ဂလန်မှာ ပညာသင်လို့ ဒီနှစ် အိန္ဒိယကို ပြန်ရောက်မယ်တဲ့။ သူဟာ ကတိပေးထားပြီးသားမို့ ကျုပ်ကို လက်မထပ်နိုင်ပါဘူးတဲ့။

mgyoe.com

mgyoe.com


ကျုပ်ကလည်း ချစ်တဲ့အကြောင်းနဲ့မို့ လက်မထပ်ရင်လည်း နေပါ။ ကျုပ်ကိုတော့ ချစ်တယ်ဆိုရင် ချစ်တယ်လို့ပဲ ပြောပါလို့ ဆိုတော့ ကျုပ်ကိုချစ်ပါတယ်လို့ ပြောတယ်ဗျာ။ သူလက်ထပ်ရရင် တောင်မှ အချစ်ဟာ ဒီမှာထားခဲ့ပြီမို့ သူ့အိမ်ထောင်ရေး သာမှ သာယာပါ့မလား မသိတော့ပါဘူးလို့ ပြောတယ်ဗျ။

နောက်တော့ လူချင်းခွဲဖို့ အချိန်က နီးလာတော့ သူယူလာခဲ့ တဲ့ လက်ဆောင်သေတ္တာကလေးကို ပေးတယ်။

အဲဒီသေတ္တာကလေးဟာ ကနုကမာနဲ့ ဆေးစိမ်းကလေးတွေ ခြယ်ပြီးထားတဲ့ သေတ္တာကလေးဗျ။ ဖွင့်လိုက်တော့ လှလိုက်တဲ့ ဓားမြှောင် ကလေး သူ့အပစ်ခံခဲ့တဲ့ ဓားမြှောင်မျိုးထဲက၊ မသုံးရသေးတဲ့ ဓားမြှောင် ကလေးကိုး။

ဒါနဲ့ ကျုပ်ကလည်း ကျုပ်မှာ အသင့်ယူလာခဲ့တဲ့ ရွှေဒင်္ဂါးပြား ကလေးတွေ ပေးတယ်။

လိုင်လာက ခေါင်းခါတယ်။ ရွှေဒင်္ဂါးမယူပါရစေနဲ့တဲ့။

ဒါက ကျုပ်ပိုင်တာတွေပါလို့ပြောပြီး ပေးလည်းမယူဘူး။

ဒါနဲ့ ကျုပ်က ဘောင်းဘီအိတ်တွေ လျှောက်နှိုက် ဟိုနှိုက် ဒီနှိုက် လုပ်ပြီးမှ ဘောင်းဘီအပေါ်က ဆင့်ပတ်ထားတဲ့ ခါးစည်း အဝတ်နက်ကြားမှာ ထည့်ထားတဲ့ ရွှေရောင် ပစ္စတိုသေနတ်ကလေးကို ထုတ်ပြလိုက်တယ်။

ဒီ ပစ္စတိုကလေးက သေးသေးကလေး။ ပြီးတော့ တစ်ခုလုံး ကို ရွှေပြားနဲ့ အုပ်ထားတာ။ ကျည်ဆန်ဆိုလို့ ဒင်ကနေပြီး ငါးတောင့် တည်း ထည့်လို့ရတယ်။

မေမေဖုရားကို ဖေဖေက လက်ဆောင်ပေးထားတာ ကလေး လေ။ ပြီးတော့ ဘာလိုင်စင်မှလည်း မရှိဘူး။ မေမေဖုရားကလည်း

mgyoe.com

mgyoe.com


ဘယ်တော့မှမကိုင်ဘူး။ တစ်ခါတစ်ခါသာ ကျုပ်က ချစ်စရာကောင်းပြီး လှလွန်းလို့ အိတ်ထဲထည့်ထည့် ယူလာတတ်တယ်။ ရွှေပြားတစ်ခုလုံးမှာ ပန်းခက် ဖောင်းကြွကလေးတွေဆိုတာ ဝေနေတာပဲ။

ဒါကလေးမြင်တော့ လိုင်လာ သဘောကျလွန်းလို့ မျက်လုံးကလေး ပြူးပြီး။ လက်ဝါးကလေး နှစ်ခုနဲ့ လက်ခုပ်တီးတော့တာပဲ။

"ဒါကြိုက်လား" လို့ မေးတော့

"ပေးမှာလား" တဲ့။

ကျုပ်ကလည်း သူ့လက်ဝါးကလေးထဲ ထည့်ပေးရင်း၊ သူ့လက်ကလေးတွေကို နမ်းလိုက်တယ်။

သူက ကျုပ်ရဲ့ပါးကို ပြန်နမ်းတယ်။

သူပြန်ဖို့အချိန် နီးတာနဲ့ပဲ ကျုပ်ကားကလေးနဲ့ ပြန်ပို့ရလိုက်ရတယ်။

ရွှတ်ခမာဘီက "ငါ့သား လိုင်လာ့ကို ချစ်နေပြီလား" လို့ အပြန်မှာ မေးလိုက်သေးတယ်။

ကျုပ်ကတော့ ဟဲ– ဟဲ– ဟဲ– ဟဲ နဲ့ပဲ ရယ်ပြီး ပြန်လာခဲ့ရတာပေါ့။

* * *

နောက်တစ်နေ့ဆိုရင် 'ရွှတ်ခမာဘီ' တို့အဖွဲ့ မန္တလေးကနေ သဘော်စင်းလုံးငှားပြီး ပြန်ကြတော့မယ်။

ကျုပ် တွေ့မယ်ဆိုရင် ဒီတစ်နေ့ လိုင်လာနဲ့ တွေ့နိုင်သေးတယ်။ ဒါနဲ့ ရေမိုးချိုးပြီး အဝတ်လဲ ရေမွှေးဆွတ်လုပ်နေတုန်း ဖေဖေ့ကား ဝင်လာတယ်။ ဖေဖေနဲ့အတူ မြန်မာရဲပုလိပ်အရာရှိနှစ်ဦးလည်း ပါလာတယ်။ ဖေဖေ့မျက်နှာ သိပ်တင်းနေတာပဲ။ ရုံးမှာ တစ်ခုခုများ

mgyoe.com

mgyoe.com

ဖြစ်ခဲ့လားလို့ အကဲခတ်မိတယ်။

ကားပေါ်က ဆင်းလို့ သူ့နောက်က ပုလိပ်အရာရှိတွေ ဆင်းမယ် ဟန်ပြင်နေတုန်း

'မောင်ဘိုးချို ကျုပ်အရာရှိတွေကို ပြန်ပို့ပါ" ဆိုတာနဲ့ အရာရှိတွေလည်း ကားထဲပြန်ထိုင်ကြရတယ်။ ကားလည်းထွက်သွားရော

ဖေဖေဟာ ကျုပ်ကို ငေါက်ပြီး ခေါ်တော့တာပဲ။ ပြီးတော့ ကျုပ်ကိုလည်း မျက်နှာထားကြီးနဲ့ စိုက်ကြည့်နေလိုက်တာ အကြာကြီးပဲ။

မေမေဖုရားကလည်း အဝေးက ခြေလှမ်းရပ်ပြီး ကျုပ်တို့နှစ်ယောက်ကို အကဲခတ်ကြည့်နေတယ်။ ကျုပ်ကတော့ မေမေဖုရားအနားမှာ ရှိနေရင် ဖေဖေ့ကို သိပ်မကြောက်ပါဘူး။

"လူကလေး တင့်ကိုကို ဒါ ဘယ်သူ့ပစ္စည်းလဲ"

"မေမေဖုရား ပစ္စည်းပါ"

"မေမေဖုရားပစ္စည်းကို ဘယ်သူက ဘယ်သူ့ကို ပေးသလဲ ဆိုတာ သိချင်တယ်"

"သား လိုင်လာ့ကို လက်ဆောင် ပေးခဲ့ပါတယ် ဖေဖေ"

"မောင်ဖိုးထိန်" ဖေဖေ ခေါ်လိုက်တော့

"ဘုရား" လို့ ဖိုးထိန်ထူးရင်း ပြေးလာတယ်။

"ဖိုးထိန် သခင့်ကြာပွတ် ယူခဲ့ပါ"

ဖိုးထိန် ထွက်သွားတယ်။

ဖေဖေ့မှာ 'ရွှတ်ခမာဘီ' ကိုင်သလို ဖွတ်မြီးကြာပွတ်ကြီးရှိတယ်။ တစ်ခါမှ အသုံးမချဖူးပါဘူး။ ဒါကြီးနဲ့ ကျုပ်ကို ရိုက်မလားမသိဘူး။ ဒီ ရွှေပစ္စတိုကလေးကို ဖေဖေတို့ဆပ်ကပ်အဖွဲ့က ပြန်တွေ့လို့ သိမ်းလာတာပဲလို့ ကျုပ်လည်း ထင်မိတာကိုး။

mgyoe.com

"မောင်မောင်၊ လူကလေးကို ဘာလုပ်မလို့လဲ"

"မဖုရားသားကို ကြာပွတ်နဲ့ ရိုက်ပြီးတော့ ဆုံးမမလို့"

"လူကလေးကို မဖုရား လုံးဝရိုက်ခွင့် မပေးဘူးမှတ်ပါ။ လူကလေး အပြစ်ဘယ်လောက်ကြီးလို့၊ တိရစ္ဆာန်ရိုက်တဲ့ ကြာပွတ်နဲ့ ရိုက်ရမှာလဲ"

"လူကလေး အပြစ် သိပ်ကြီးပါတယ် မဖုရား။ သူလိုင့်လာကို မဖုရားရဲ့သေနတ် ပေးခဲ့လို့၊ ဒီသေနတ်နဲ့ လိုင်လာသေသွားပြီ"

မေမေဖုရားဟာ မျက်စိပြူး၊ မျက်ဆန်ပြူးနဲ့ အူယားဖားယား ဖေဖေ့ဆီ ပြေးလာပြီး ဖက်ရင်းမေးတယ်။ လိုင်လာ့ကို ဘယ်သူသတ်တာလဲ၊ တရားခံကို မဖမ်းဘူးလားနဲ့ပေါ့။

"လိုင့်လာကို ဘယ်သူ့မှ မသတ်ဘူး၊ ဒီသေနတ်နဲ့ သူ့ရင်ဘတ်ကိုသူ ပစ်သတ်သေသွားတယ်"

မေမေဖုရားမှာ "အိုး" လို့အော်ရင်း ဆိုဖာပေါ်လဲကျသွားတယ်။

"လူကလေးကို လိုင်လာ ဘာလက်ဆောင်ပေးသလဲ ဖေဖေ့ကို ပေးပါ"

ကျုပ်လည်း လိုင်လာပေးခဲ့တဲ့ ဓားမြှောင် သေတ္တာကလေးကို ဖေဖေ့လက် အပ်လိုက်ရတယ်။

ဖေဖေဟာ ဓားကလေးကိုကြည့်ပြီး စုတ်သပ်ပါတယ်။ ကျုပ်ကိုလည်း စိုက်ကြည့်ပါတယ်။

မောင်ဖိုးထိန် ကြာပွတ်ကြီးယူလာပြီး လက်နှစ်ဖက်နဲ့ ခပ်လှမ်းလှမ်းက လက်ကို ဆန့်တန်းပေးပါတယ်။

မေမေဖုရားက ဖိုးထိန်ကို ငေါက်လွှတ်လိုက်တယ်၊ ဖိုးထိန်လည်း ပြန်ထွက်သွားရှာတယ်။

မေမေဖုရားဟာ ဆိုဖာပေါ်က ထလာပြီး၊ ကျုပ်ကို ဖက်ပြီး

mgyoe.com

mgyoe.com


နဖူးကို နမ်းပါတယ်။

"လူကလေးကို လုံးလုံး မရိုက်ပါနဲ့" ဆိုပြီး ကျုပ်ပခုံး သိမ်းဖက်ရင်း အတွင်းခန်းကို ခေါ်သွားတယ်။

မေမေဖုရားရယ်၊ ကျုပ်ရယ်ကတော့ လိုင်လာအတွက် စိတ်မကောင်းလို့ ငိုကြတာပေါ့။

ဖေဖေကတော့ "လူကလေး ကိုကို သိပ်မိုက်တယ်။ လိုင်လာ့ကို သေအောင် ဒီသေနတ်ကို ပေးတယ်။ သူ့ကိုမရိုက်ဘူး။ ဒါပေမဲ့ အပြစ်ကြီးကြီးပေးရမယ်"လို့ တဗျစ်တောက်တောက်နဲ့ ပြောနေတော့တာပါပဲ။

အန်ကယ်တင့်ကိုကိုက သူ့အတိတ် ဇာတ်လမ်းကို ဝီစကီကလေး ကျိုက်ကာ ကျိုက်ကာ ပြောပြပါသည်။

ဤတွင် မနေနိုင်သော ကျွန်တော်က "အန်ကယ့်ကို အန်ကယ့်ဖေဖေက ဘယ်လိုအပြစ်ကြီးကြီး ပေးလိုက်သလဲ"ဟု မေးမိပါသည်။

သူကိုယ်တိုင် လိုင်လာ့ကိစ္စ ပြီးစီးအောင် ဆောင်ရွက်ပေးတယ်။ ပြီးတော့ ကျုပ်ကိုလည်း လိုင်လာ့ ဈာပနကို လုံးလုံးမတက်ရဘူးလို့ ပိတ်ပင်လိုက်ပြီး မကြာခင် မြန်မာပြည်မှာ မနေရဘူး။ အင်္ဂလန်သွားပြီး ဝတ်လုံဘွဲ့ယူရမယ်။ ဝတ်လုံဘွဲ့ရမှ မြန်မာပြည်ကို ပြန်ရမယ်လို့ ဒဏ်ခတ်တာပေါ့။

ကျုပ် ဘွဲ့ရပြီးတော့တောင် စစ်ကြီးမပြီးသေးတာနဲ့ ဟိုမှာ သောင်တင်နေတာကလား ကိုမင်းဏီ ဟု သူ့ 'ရွှေသေနတ်ကလေး တစ်လက်' ဇာတ်လမ်းကို နိဂုံးချုပ်လိုက်ပါတော့သတည်း။

ရှုမဝ မဂ္ဂဇင်း၊ ၃၆/ ၄၂၄၊ စက်တင်ဘာ၊ ၁၉၈၂။

❑

mgyoe.com

mgyoe.com

# သေနတ်သံ

ကိုချမ်းမြအဖို့ မြို့ဆိုသည်မှာ အရိပ်အဝါသ ကင်းမဲ့လှ၍ အားကိုးရာ အလွန်မဲ့သော ဌာနကြီးတစ်ခုသာ ဖြစ်နေပါသည်။

ယခင်အခါများက တောတွင် စပါးကလေးရောင်း ငွေကလေး ရှင်သည့်အခါ မြို့တက်၍ ဘုရားဖူး၊ ဈေးနှာ ဝယ်ရသည်မှာ အတော် ပျော်စရာ ကောင်းပြီး၊ မိမိရွာသို့ ပြန်ရောက်သော အခါတွင်လည်း အပေါင်းအဖော်တွေကို ပြော၍ပြရသည်မှာ ဂုဏ်ယူစရာတစ်ခု မဟုတ် ပါလော။

ယခုအခါ မြို့ရောက်လာမှ၊ ကိုချမ်းမြဟူသော နာမည်ကပင် သူ့ကို သရော်လျက် ရှိနေပါတော့ပြီ၊ နောက်ပြီးတော့ ယခင်က ပျော်စရာ နှင့် ကြည့်ရှုစရာပေါသည်ဟု သူထင်ခဲ့သော မြို့ကြီးမှာ၊ ရှက်စရာနှင့် သရော်စရာ အတိနှင့်သာ ပြီးနေတော့သည်။ အမှန်မှာတော့ မြို့ကြီး ကိုလည်း သူ မသရော်ရဲပါ၊ ရှက်စရာဟုလည်း သူက မဆိုလိုသေးပါ၊ ရှက်စရာဟုလည်း သူက မဆိုလိုသေးပါ။ သူ့ဘဝကို သူ ရွံ့မုန်း၍ သာလျှင် သူ့ကိုယ်သူ ကျိန်သလို ပြောနေခြင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com


တောမှ ပါလာသော ငွေကလေးနှစ်ကျပ်မှာလည်း မြို့သို့ ရောက်ပြီး ဖျာကလေးဝယ်ရ၊ အိုးခွက်ကလေး ဝယ်ရ၊ ဆန်ကလေး ဝယ်ရနှင့် ကုန်၍သာ သွားခဲ့သော်လည်း ပြည့်စုံသည်ဟူ၍ မရှိသေးချေ။ အကယ်၍ ဘုရားထံမှ ဇရပ်ကြီးသာ မရှိခဲ့ပါလျှင်၊ သူတို့အဖို့ သစ်ပင်အောက်တွင် ဖျာစုတ်ခင်း၍ အိပ်နေ ကောင်း နေရပါတော့မည်။

ကလေးငယ် နှစ်ယောက်မှာ ခရေပင်အောက်မှ ပြေးလွှားကစား နေကြရာက၊ ရုတ်တရက် ဇရပ်ပေါ် တက်လာပြီး သူ့အမေကို ထမင်း ဆာပြီဟု ပူစာနေကြသည်။ ကလေးငယ်မှာ ထမင်းမစားရရင် ငိုမှာပဲ ဟု အတင်းအကျပ် ပူစာပြန်သည်။ ကလေးတို့၏ မိခင်က ဇရပ်တိုင်ကို မှီ၍ ခြေပစ်လက်ပစ် ထိုင်နေသော ကိုချမ်းမြကို ကြည့်ကာ ဘယ့်နှယ် လုပ်ပါ့မယ် ဟူသော မျက်နှာထားဖြင့် လှမ်းကြည့်၏။ ကိုချမ်းမြမှာ ဟစ်၍မငိုမိလိုက်အောင် စိတ်ကို မနည်းထိန်းထားရရှာ၏။

ကိုချမ်းမြသည် အရှင်လတ်လတ် သေနေတာများလားဟု သူ့ကိုယ်သူပင် မယုံနိုင်အောင် စိတ်ညစ်နေရှာသည်။ တကယ်လို့ မီးခိုးကလေးတွေလို ဟုတ်ကနဲ ပျောက်လို့များရရင် ပထမကလေးတွေ၊ နောက် သူ့မိန်းမ၊ စိတ်ချ လက်ချ ရှိတော့မှ သူလိုက်၍ သေပစ်လိုက်ချင်တော့သည်။

တကယ်ပဲ ယခင်တောမှာ နေစဉ်က ငတ်သေတဲ့ မသာရယ်လို့ မရှိပါဘူးကွာဟု ပြောခဲ့ဖူးပေမဲ့ သူကိုယ်တိုင် ထမင်းမစားရသည့် နှစ်ရက် ဒဏ်က သေနိုင်လောက်ကြောင်း ဖော်ပြနေတော့၏။

မြို့လာပြီး ငတ်သေနိုင်သကဲ့သို့၊ သူ့အဖို့ တောမှာလည်း ငတ်၍ သေနိုင်၏။ အဘယ်ကြောင့်ဆိုသော် စပါးမစိုက်ရ လယ်လုပ်ခမရဘဲ အဘယ်မှာလျှင် တောတွင် နေနိုင်ပါမည်နည်း။ ငွေကြေးချေးငှား သုံးစွဲရအောင်လည်း မည်သည့်ပစ္စည်းထုပ် အလုပ်အကိုင်ရှိ၍ မည်သူက

mgyoe.com

mgyoe.com


ယုံကြည်ပြီး ချေးပါမည်နည်း။

တကယ်စိတ်ညစ်ဖွယ်ရာ အတိတွေပေါ်မှာ လုံးလုံး အားတက်ဖွယ်ရာမရှိသော အကြောင်းများ ဆင့်ကာ ဆင့်ကာသာ ပေါ်လာခဲ့သည် မဟုတ်ပါလော။ သူပုန်တွေ တက်လာစဉ်က မြေယာတော်လှန်ရေးတွေကြောင့် လယ်ကွက်ကလေးရပြီး အားရပါးရ ကြဲလိုက်မည်ဟု အားခဲတုန်း အစိုးရတပ်က တက်လာ၏။ ရွာတွေ မီးရှို့၍၊ ဒရောသောပါး လူမှ အနိုင်နိုင် ပြေး၊ ပစ္စည်းပစ္စယကလေးနှင့်... မျိုးစပါးကလေးတွေပါမကျန်... တက်တက်စင် ပြောင်ပြီးနောက် သူပုန်က ပြန်တိုက်နှင့် ပြောင်ရာမှ တဖန် မွဲခဲ့ရပြီး ကျည်သင့်၍ သေသူတွေလည်း သေကုန်ပါလျက် ၎င်းအရေအတွက်ထဲသူ ကြွင်းနေခဲ့သည်မှာ ကံဆိုး၍ပင်လောဟု တွေးတောနေမိတော့သည်။

ကိုချမ်းမြဇနီးသည် ကလေးတို့အား ထန်းလျက်ခဲနှစ်ခုစီ ဝေပေး၍ ရေတိုက်သည်။ မိုးမြန်မြန်ချုပ်ပြီး ကလေးတွေ အိပ်ပျော်သွားရင် ဆာမှန်းသိမှာ မဟုတ်ဟု တွေးနေသည်။ ခုနေများ သူ့ရင်နှစ်မြွာက နို့ရည်တွေ ပန်းထွက်လာမယ်ဆိုရင် ကလေးတွေကို အားရပါးရတိုက်ပြီး အာဟာရဖြည့်နိုင်ရင် ဘယ်လောက်ကောင်းမည်လဲဟု တွေးနေရှာသည်။

ထန်းလျက်ရသော ကလေးနှစ်ယောက်ကား အခုမှ ရင်တွေ ပူ ပို၍ ဆာပြီးလျှင် ထမင်းပေးပါဟု အတင်း ကုန်းအော်ကြလေ၏။ ကိုချမ်းမြမျက်လုံးပြူးသွားတော့သည်။ ကလေးအကြီးမှာ သူ့ညီ၏ပြုမူပုံကို အားပေးသည့်အလား ခေါင်းငြိမ့်ငြိမ့် ပြနေ၏။ သူကိုယ်တိုင် ဆူဆူပူပူ ပြုရင် အဖေ ထရိုက်လိမ့်မည် မလွဲဟုသိပြီး အင်္ကျီစကို လက်နှင့် လိမ်ခြင်း၊ ဣန္ဒြေရရကလေး ညီကိုသာ မျက်နှာကဲနှင့် အားပေးနေ၏။

mgyoe.com

mgyoe.com

"ကဲ ကိုချမ်းမြ ကျုပ်တော့ စိတ်မချမ်းသာတာနဲ့ ရူးလိမ့်မယ်" သူတို့ ဝမ်းပြည့်အောင်တော့ ကြံမှ ဖြစ်မယ်"

ကိုချမ်းမြ လှည့်ကြည့်ရုံသာ ကြည့်ပြီး ငြိမ်နေသည်။ သူလည်း ဘာအကြံအစည်မှရှိပုံမပေါ်ချေ။

အတန်တန်ကလေးများ နားပူလှသည့်အဆုံး မိခင်သည်...

"ကဲ လာလာ သားတို့" ဟု ပြောကာ "ကိုချမ်းမြ ကျုပ် တော်တော်ကြာ ပြန်ခဲ့မယ်။ မြို့ထဲကလေးတွေ ထွက်ပြချေမယ်။ သူတို့ စိတ်ပြောင်းသွားအောင်လို့" ဟု ပြောကာ ဇရပ်မှ ဆင်းသွား၏။

ကိုချမ်းမြသည် ဤကဲ့သို့ ကြာရှည်နေသွားဖို့ မဖြစ်နိုင်ကြောင်းကို သိသည်။ ဘယ်နည်းနှင့်မဆို အလုပ်တစ်ခုတော့ လုပ်မှဖြစ်မည် တွေးမိရင်း ဘာလုပ်ရ ဘာကိုင်ရမည်ကို စဉ်းစားနေသည်။ ဈေးကလေး ဘာကလေး ရောင်းဖို့ ဆိုရာကလည်း ယနေ့သုံးစရာပင် တစ်ပြားတစ်ချပ်မှ မရှိသည့် ကိုချမ်းမြအဖို့ စိတ်ကူးရုံပဲ ကူးနိုင်သည်။

တစ်ခုတော့ တွေးမိသည်။ ငွေအရင်းမစိုက်ရဘဲ ကူလီလုပ်ရင်းက ငွေကြေးကလေးစု အခြားအလုပ်တစ်ခုခုရှာ၊ သို့မဟုတ် ဈေးဆိုင်ကလေး ဘာကလေးဖွင့် ဟူသော အကြံကိုရသည်။

ဒီအကြံရတော့မှပဲ သူ့စိတ်တွေပေါ့ပါးသွားသည်။ "အင်း... ဦးခေမိန္ဒ ဟောတဲ့ အာရောဂျံပရမံလာဘံ" ဆိုတာ တယ်မှန်ပါကလား ဟု စဉ်းစားမိရင်း ရှေ့ကိုလည်း ဆက်လက်၍ ဤကဲ့သို့ ကျန်းမာသွားပါစေဟု ဆုတောင်းမျှော်လင့်ရှာပေသည်။

တော်ကလေး နေမြင့်မှ ကလေးနှစ်ယောက်မှာ ဘူးသီးကြော်ကြီးများ ကိုင်ကာစားရင်း ဇရပ်ဆီသို့ လာနေသည်ကို မြင်ရလေသည်။ သူတို့ပျော်နေကြဟန်လည်း ရှိ၏။ သူ့ဇနီးလည်း လက်ထဲမှ အထုပ်ကလေးတစ်ခု ဆွဲယူလာသည်။

mgyoe.com

mgyoe.com

"ဟော – ဝယ် လာတာလား" ဟု သူ့ဇနီးချပေးသော ဘူးသီးကြော် အထုပ်ကလေးကိုဖြန့်ရင်း ဝမ်းသာအားရ မေးလိုက်သည်။

"ဝယ်မလာလို့ ဘယ်သူ အလကားပေးမလဲတော့"

"ဘယ်က ပိုက်ဆံရှိလို့လဲ"

ထိုအခိုက် သားအငယ်သည် ကိုချမ်းမြ ရင်ခွင်ထဲဝင်ပြီး...

"ကျုပ်တို့လေ လူကြီးတွေဆီက တောင်းတာဗျာ အမေကလေ သိလဲမသိဘဲနဲ့ အစ်ကိုကြီးတို့ရယ် ပိုက်ဆံပေးပါ သားကလေးတွေ ဆာလွန်းလို့တဲ့ နောက်လည်း ဒီလိုပဲ သွားမယ်နော် အဖေနော..."

ကိုချမ်းမြမျက်နှာကြီးတွေ နီသွားတော့သည်။ သူ့မိန်းမသည် ကိုချမ်းမြ အကဲခပ်ကာ သူ့အား ရိုက်မိလေမည်လား ကြောက်နေသည်။

"သေပေစေကွာ၊ သေပေစေ၊ ငတ်လို့သေဟာကွာ" ဟု ဒေါသတကြီး အော်ဟစ်ပြီး မုန့်ထုပ်ကို ခြေနှင့် ကန်လိုက်သည်။

ကလေးအငယ်မှာ ကိုချမ်းမြ အော်သောကြောင့် လန့်ပြီး ငိုနေသည်။ ကိုချမ်းမြကား ဇရပ်ပေါ်မှ ဆင်းခဲ့ကာ ကမ်းနားပွဲရုံတွေဆီသို့ ထွက်သွားသည်။ သားအကြီးမှာ ကြမ်းပြင်ပေါ် ဗွာကြဲနေသော မုန့်တွေကို လိုက်ကောက် စား၏။ ထိုအခါမှ ငိုနေသော ကလေးသည် လုရ၍ ကောက်စားသည်။ မိုးချုပ်မှ ကိုချမ်းမြ ပြန်လာသည်။ သူ့ဇနီးမှာ စိတ်ဆိုးမပြေသေးဟု ထင်သောကြောင့် အနားသို့ မကပ်လာချေ။ ကလေးနှစ်ယောက်မှာ မုန့်စား၍ဝသောကြောင့် အိပ်ရာဝင်နေကြပြီ။

ကိုချမ်းမြကလေးတို့ကို လှမ်းကြည့်ပြီး သူ့ဇနီးအား အိပ်နေပြီလား လှမ်းမေး၏။ သူ့ဇနီးသည် မအိပ်သေးပါဘူးတော်ဟုဖြေ၍ သူ့ယောကျ်ားအကဲကို သာခပ်နေသည်။

"ငါ နက်ဖြန် အလုပ်ဆင်းရမယ်"

သူ့မိန်းမ စိတ်ဝင်စားသွားသည်။ အိပ်ယာထဲမှ ခေါင်းထောင်ရင်း...

mgyoe.com